# ငလျင်အန္တရာယ်ကြုံတွေ့ခဲ့ရခြင်းနှင့် ပတ်သက်၍ထုတ်ပြန်ကြေငြာခြင်း

၁။ ၂၀၁၆ ခုနှစ် ဧပြီလ ၁၄ ရက် (ကြာသပတေးနေ့) ည ၉း၂၆ အချိန်တွင် ဂျပန်နိုင်ငံ၊ အနောက်တောင်ပိုင်း၊ ကျူရှူးကျွန်းရှိ ကူမာမိုတိုခရိုင်အနီးတွင် ပြင်းအား ၆.၅ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ (၉) ဦး သေဆုံးပြီး လူ ၈၀၀ ကျော် ဒဏ်ရာရရှိကာ လူပေါင်း ၄၄၄၄၉ ဦးကျော်အား ကယ်ဆယ်ရေးစခန်းများတွင် စောင့် ရှောက်ထားကြောင်း သိရှိရပါသည်။

၂။ မြန်မာသံရုံးအနေဖြင့် ကိတကျူရှူးကျွန်း၊ မိုဂျိမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင် လျက်ရှိကြသော မြန်မာဘုန်းတော်ကြီး (၃) ပါးနှင့် ကပ္ပိယတစ်ဦးတို့ အားလည်းကောင်း၊ ကျူရှူးကျွန်းတွင် တည်ရှိသော ကျူရှူးတက္ကသိုလ်၊ ကူမာမိုတိုတက္ကသိုလ်နှင့် ဆာဂါတက္ကသိုလ်တို့တွင် ပညာသင်ကြားလျက်ရှိသည့် မြန်မာအစိုးရပညာတော်သင်ဝန်ထမ်း (၂၉) ဦးတို့အားလည်းကောင်း၊ နီးစပ်ရာမြန်မာအသိုင်းအဝိုင်းမှ မြန်မာ လူမျိုးများအားလည်းကောင်း ငလျင်ဒဏ်မှ ဘေးကင်းလုံခြုံခြင်းရှိ/မရှိ မေးမြန်းစုံစမ်းခဲ့ရာ မိုဂျိကမ္ဘာအေးစေတီတော် နှင့် မြန်မာ ဘုန်းတော်ကြီးကျောင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့်လည်းကောင်း ဘေးကင်း လုံခြုံမှုရှိပါကြောင်း သိရှိရပါသဖြင့် ဂျပန်နိုင်ငံရောက်မြန်မာနိုင်ငံသားများ သိသာနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၃။ ငလျင်နှင့်ပတ်သက်၍ လာမည့်ရက်သတ္တပတ်အတွင်း နောက်ဆက်တွဲ လှုပ်ခတ်မှုများ ကြုံတွေ့ရနိုင် ကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံသားများအနေဖြင့် သတိဝီရိယပြု၍ နေထိုင်ကြပါရန်နှင့် အခက်အခဲတစ်စုံတစ် ရာပေါ်ပေါက်၍ အကူအညီလိုအပ်လာပါက သံရုံးဖုန်းနံပါတ် ၀၃-၃၄၄၁-၉၂၉၁ သို့လည်းကောင်း၊ အရေးပေါ် ဆက်သွယ်ရန် မိဘိုင်းဖုန်းနံပါတ် ၀၈၀-၄၉၄၂-၂၅၃၁ သို့လည်းကောင်း ဆက်သွယ် သတင်းပေးပို့ကြပါရန် တိုက်တွန်းအကြောင်းကြားအပ်ပါသည်။


ကမ္ဘာ့အေး စေတီတော်
上座部仏教 世界平和パゴダ
WORLD PEACE PAGODA




ကိတကျူရှူးကျွန်း၊ မိုဂျိမြို့တွင်တည်ရှိသော မိုဂျိကမ္ဘာအေးစေတီတော်